# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ပထမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

## (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၁၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၃ ရက်၊

(၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၉ ရက်၊

(၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၁ ရက်၊

(၄) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၅) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၅ ရက်၊

မူကြမ်း

(၆) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၃၃ ရက်၊

(၇) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၄ ရက်၊

(၈) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၅ ရက်၊

(၉) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၁၀) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၁၂) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၅ ရက်၊

(၁၃) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန် ခွင့် ၅ ရက်၊

(၁၄) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၅ ရက်၊

(၁၅) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၂ ရက်၊

(၁၆) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၂ ရက်၊

(၁၇) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၁၈) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၅ ရက်၊

(၁၉) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁၂ ရက်၊

(၂၀) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၅ ရက်၊

(၂၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၃ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၂ ရက်၊

(၂၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၅ ရက်၊

(၂၄) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂၅) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၁ ရက်၊

(၂၆) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၂၇) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၅ ရက်၊

(၂၈) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၅ ရက်နှင့်

(၂၉) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၂၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး ကောင်းကျိုးလိုရာဆန္ဒများနဲ့ပြည့်စုံကြပါစေ။ အားလုံးကို ကျန်းမာရွှင်လန်းစွာနဲ့ နှစ်သစ်မှာ ပြန်လည်တွေ့ဆုံရလို့လည်း ဝမ်းမြောက်ဝမ်းသာရှိရပါတယ်။ လွှတ်တော်ရပ်နားထားတဲ့ရက်များမှာ ကျွန်တော့်အနေဖြင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို တိုက်ရိုက်နားထောင်၊ တိုက်ရိုက်ဆွေးနွေးနိုင်ရန် နိုင်ငံအနှံ့၊ ဒေသအနှံ့သွားရောက်ခဲ့ပြီး ပြည်သူတို့၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော့်နည်းတူ ပြည်သူ့ကိုယ်စားလှယ်များကလည်း မိမိတို့နယ်မြေဒေသသို့ ကွင်းဆင်းပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြည်သူများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းက ညှိနှိုင်းဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်ကြတာကိုလည်း တွေ့ရှိရပါတယ်။ ကောင်းမြတ်သော လုပ်ဆောင်မှုများဟာ ကိုယ်စားလှယ်တစ်ဦးစီအတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များဖြစ်၍ ဆက်လက်တိုးတက်ဆောင်ရွက်ပေးရန်အတွက်လည်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့လွှတ်တော်အနေဖြင့် လွှတ်တော်သက်တမ်းကာလ (၄)နှစ်အတွင်းမှာ ပြင်ဆင်တဲ့ဥပဒေ ၅၅ ခု ၊ အသစ်ရေးဆွဲသည့် ဥပဒေ ၂၆ ခု၊ ရုပ်သိမ်းဥပဒေ ၁၄ ခု၊

အစားထိုး ဥပဒေ ၂၇ ခု နှင့် စီမံကိန်း၊ ဘတ်ဂျက် အခွန်နှင့်ဆိုင်သော ဥပဒေ ၁၁ ခု၊ စုစုပေါင်း ၁၃၃ ခု ကိုပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း ၂၆ ခု ကို ကျွန်တော်တို့ အနေဖြင့် ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပြီး ထပ်မံတင်သွင်းလာမည့် ဥပဒေကြမ်းများကိုလည်း လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွက် ယနေ့အထိ အဆို ၄၂ ခု နှင့် ကြယ်ပွင့်ပြ မေးခွန်း ၇၃ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၁၃၅ ခု လွှတ်တော်သို့ ရောက်ရှိပြီး ဖြစ်ပါတယ်။ ယခင်အပတ် အစည်းအဝေးကာလထိ စုစုပေါင်း မေးခွန်း ၈၉၃၀ ခု လက်ခံရရှိခဲ့ပြီး ၎င်းမေးခွန်းများအနက် ကြယ်ပွင့်ပြနှုတ်ဖြေ ၁၈၇၆ ခုနှင့် ကြယ်ပွင့်ပြ စာဖြေ ၂၀၀၅ ခု ၊ ကြယ်ပွင့်မပြမေးခွန်း ၄၈၉၂ ခု၊ ရုပ်သိမ်း ၁၃၄ ခုနှင့် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ကူးပြောင်းမေးခွန်း ၂၃ ခု ဖြစ်ပါတယ်။ မေးခွန်းများ၊ အဆိုများကို မေးမြန်းဆွေးနွေးတဲ့အခါ၌ သတ်မှတ်ထားတဲ့အချိန်အတွင်း စည်းမျဉ်း စည်းကမ်းများနှင့်အညီ မေးမြန်းရန်လိုအပ်ပြီး တိတိကျကျလိုက်နာကာ ကိုယ့်အခွင့်အရေးကို အကျိုး ရှိစွာ အသုံးချသကဲ့သို့ အခြားကိုယ်စားလှယ်များရဲ့ အခွင့်အရေးမဆုံးရှုံးရအောင်လည်း ဆောင်ရွက် သွားကြစေလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူက ရွေးချယ်ထားသော ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားတဲ့ လွှတ်တော်ဖြစ်၍ ကိုယ်စားလှယ်များသည် ပြည်သူက အပ်နှင်းထားသော အခွင့် အရေးနှင့် တာဝန်ပေါ်မူတည်၍ လုပ်ဆောင်ရမည့် တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျေပွန်အောင် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ထို့အတူ လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီများသည်လည်း လွှတ်တော်ထဲက လွှတ်တော်အငယ်ကလေးများဖြစ်၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြမှသာ ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူ့အကျိုး၊ နိုင်ငံ့ အကျိုးဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

ကိုယ်စားလှယ်များခင်ဗျား။ ယခု (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ပြည်ထောင်စု လွှတ်တော်၌ နှစ်စဉ်တင်သွင်းရမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် အခွန်တော်ဆိုင်ရာဥပဒေကြမ်းတို့ကို တင်သွင်းဆွေးနွေး ရမှာဖြစ်တဲ့အတွက် မိမိတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်ထောင်စုလွှတ်တော်

မူကြမ်း

နှင့်ပူးပေါင်း၍ စိစစ်ခွင့်ပြုပေးရမည်ဖြစ်ပြီး အခြားအရေးကြီး ဥပဒေကြမ်းများလည်း ဆွေးနွေးစရာရှိတဲ့အတွက် အားထည့်ပြီး စနစ်တကျပါဝင်ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပါတယ်။

အချိန်ကန့်သတ်ချက်အတွင်း လုပ်ငန်းများရဲ့ အရေးကြီးမှုပေါ်မူတည်၍ ဆောင်ရွက်နေရသည်ကိုလည်း ကိုယ်စားလှယ်များနားလည်သဘောပေါက်ထားပြီးဖြစ်လို့ စေတနာထားအားထည့်ပြီး စနစ်တကျပါဝင်ပူးပေါင်းဆောင်ရွက်ကာ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်များကို ဂုဏ်သိက္ခာရှိရှိ ဆောင်ရွက်သွားကြပါရန် ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့်မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ပခရီးစဉ်များကို သွားရောက်ခဲ့ပါတယ်။ ခရီးစဉ်များကတော့-

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၉-၁၂-၂၀၁၄ မှ ၁၁-၁၂-၂၀၁၄ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃၀-၁၁-၂၀၁၄ မှ ၂-၁၂-၂၀၁၄ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည့် HIV/AIDS ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၈-၁၂-၂၀၁၄ မှ ၁၉-၁၂-၂၀၁၄ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်တို့ဖြစ်ကြပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခရီးစဉ်များကို မှတ်တမ်းတင်ထားရှိသွားမှာ ဖြစ်ပါတယ်။

## တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်သည် အများပြည်သူအကျိုးစီးပွားအတွက် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးဆိုင်ရာညှိနှိုင်းမှုအဖွဲ့ ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြပါမယ်။ တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့ကို အဖွဲ့ဝင် ၁၃ ဦးဖြင့် ၇-၁-၂၀၁၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်များရဲ့ အမည်စာရင်းများကတော့-

| | | | |
|---|---|---|---|
| (၁) | ဒေါ်အောင်ဆန်းစုကြည် | ကော့မှူးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | သူရဦးအောင်ကို | ကန်ပက်လက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဒေါက်တာစိုးရင် | ကမာရွတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဒေါက်တာဇော်မြင့်မောင် | ကျောက်ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဒေါက်တာအောင်မိုးညို | ပွင့်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းဘိုးအောင် | မူဆယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးကိုကြီး | အောင်မြေသာစံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးစိုင်းမြင့်အေး | လားရှိုးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးကျော်ဆန်း | ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| (၁၁) | ဦးညွန့်ဝင်း | ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |

**မူကြမ်း**

| | | | |
|---|---|---|---|
| (၁၂) | ဦးထင်ဇော် | ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| (၁၃) | ဦးဝင်းမြင့် | ပုသိမ်မဲဆန္ဒနယ် | အတွင်းရေးမှူး |

အဖြစ် တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

**ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်ဖြစ်သော ဦးညီညီ၊ ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံးအား ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရှေ့နေ၊ ရှေ့ရပ်ငှားရမ်းသူ ပြည်သူများအတွက် မြို့နယ်၊ ခရိုင်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရှေ့နေများအသင်း၊ ဘားကောင်စီများဖွဲ့စည်းခွင့်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာရှိသောနှစ်သစ်မှာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လိုအင်ဆန္ဒများပြည့်ဝပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ ပြည်သူများတရားတပေါင်ရင်ဆိုင်တဲ့အခါမှာ ရှေ့နေရှေ့ရပ်များငှားရမ်း၍ ဥပဒေ

အကျိုးဆောင်အတွက် တရားဝင်လွဲအပ်၍ ဆောင်ရွက်စေခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် ရှေ့နေများစောင့်ထိန်းရမယ့် ကျင့်ဝတ်များနှင့် စည်းကမ်းများညီညွတ်မှုမရှိပါက နစ်နာသူပြည်သူများ၏နစ်နာမှုအပေါ်တွင် တာဝန်ယူဖြေရှင်းပေးနိုင်မယ့် အဖွဲ့အစည်းတစ်ရပ် လိုအပ်လျက်ရှိနေတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်ရှင့်။ ထိုသို့ဖြစ်ပေါ်မှုအပေါ်တွင် ရှေးယခင်က မြန်မာနိုင်ငံလုံးဆိုင်ရာ ရှေ့နေများအသင်း၊ ဘားကောင်စီကိုဖွဲ့စည်းထားကြောင်းလည်း လေ့လာသိရှိခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ငှားရမ်းသူပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်ရန် မြို့နယ်၊ ခရိုင်၊ ပြည်နယ်များတွင် ရှေ့နေများ အသင်း၊ ဘားကောင်စီများ ဖွဲ့စည်းနိုင်၍ရ/မရ သိရှိလိုပါကြောင်းနှင့် မရပါက မည်သည့်အတွက်ကြောင့်မရတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရတာဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း လေးစားစွာဖြင့် နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်မှ ဖြေကြားတင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံမှာ တရားတပေါင်ဖြစ်တဲ့ ပြည်သူတွေဟာ မိမိဖြေရှင်းထုချေရမယ့်အမှုအတွက်ဖြစ်စေ၊ မိမိကလျှောက်ထားတရားစွဲဆိုတဲ့ အမှုအတွက်ဖြစ်စေ၊ ရှေ့နေရှေ့ရပ်တွေကိုငှားရမ်းပြီး ဥပဒေအကျိုးဆောင်အဖြစ် တရားဝင်လွှဲအပ်ဆောင်ရွက်လျက်ရှိကြပါတယ်။ ဒီလို ဥပဒေအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ရှိသူများဟာ တရားရုံးချုပ်ရှေ့နေများ ကောင်စီအက်ဥပဒေ၊ (The Bar Council Act)နှင့်ရှေ့နေလိုက်သူများ အက်ဥပဒေ(The Legal Practitioners Act)တို့အရ ဥပဒေအကျိုးဆောင်အဖြစ်ဆောင်ရွက်ရန် ခွင့်ပြုထားခြင်းခံရတဲ့ အထက်တန်းရှေ့နေ(Higher Grade Pleader)နှင့် တရားလွှတ်တော်ရှေ့နေ (Advocate)တို့ ဖြစ်ပါတယ်။

အထက်တန်းရှေ့နေနှင့် တရားလွှတ်တော်ရှေ့နေတို့ဟာ ရှေ့နေလိုက်သူများအက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ၊ သက်သေခံအက်ဥပဒေ၊ တရားရုံးများလက်စွဲနှင့် တရားရုံးချုပ်ညွှန်ကြားလွှာများ၊ စီရင်ထုံးများပါ ရှေ့နေရှေ့နေရပ်များလိုက်နာအပ်တဲ့ ကျင့်ဝတ်သိက္ခာများကို လိုက်နာကြရပါတယ်။ ဒီလို ဂရုပြုလိုက်နာနိုင်ကြစေဖို့အတွက် ယခင်ဗဟိုတရားရုံးရှေ့နေများကောင်စီ (ယခု တရားလွှတ်တော်ရှေ့နေများကောင်စီ)က ရှေ့နေရှေ့ရပ်တို့ရဲ့ ကျင့်ဝတ်သိက္ခာစာတမ်းအမည်ဖြင့် စာတမ်းတစ်စောင်ကို ၁၉၈၀ ပြည့်နှစ်၊ ဧပြီလက ထုတ်ဝေခဲ့ပါတယ်။ ဒါ့အပြင် ရှေ့နေရှေ့ရပ်များရဲ့ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများစာစောင်ကို တရားရုံးချုပ်ရဲ့ခွင့်ပြုချက်နဲ့ တရားရုံးချုပ်ရှေ့နေများကောင်စီက ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လမှာ ထုတ်ဝေခဲ့ပြီး ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလနှင့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတို့မှာ ယင်းစာစောင်ကို ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် ထုတ်ဝေခဲ့ပါတယ်။ ရှေ့နေရှေ့ရပ်တွေဟာ ဒီစာစောင်ကို လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာကျင့်သုံးကြဖို့ဖြစ်ပါတယ်။ အထက်တန်းရှေ့နေနှင့် တရားလွှတ်တော်ရှေ့နေများအနေဖြင့် ရှေ့နေရှေ့ရပ်များ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်သိက္ခာကို ဖောက်ဖျက်ပါက တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေနဲ့ အထက်တန်းရှေ့နေများကို ရှေ့နေလိုက်သူများ အက်ဥပဒေတို့နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

တရားလွှတ်တော်ရှေ့နေများနှင့်စပ်လျဉ်းပြီး တင်ပြတိုင်တန်းမှုများရှိပါက တရားလွှတ်တော်ရှေ့နေများကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စုံစမ်းစိစစ်ဆောင်ရွက်ချက်များအပေါ်မှာသဘောထားမှတ်ချက်ပြန်ကြားရပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီက ကျင့်ဝတ်သိက္ခာဖောက်ဖျက်တဲ့ တရားလွှတ်တော်ရှေ့နေများကို အရေးယူဆောင်ရွက်ပါတယ်။ အထက်တန်းရှေ့နေများနှင့်စပ်လျဉ်း၍ တင်ပြတိုင်တန်းချက်များရှိပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကသာ စုံစမ်းစိစစ်၍ အရေးယူဆောင်ရွက်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ ကျင့်ဝတ်သိက္ခာဖောက်ဖျက်တဲ့ တရားလွှတ်တော်ရှေ့နေ ၂၆ ဦးနဲ့အထက်တန်းရှေ့နေ ရှစ် ဦးကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်မှာ တရားလွှတ်တော်ရှေ့နေ ၁၀ ဦးနှင့် အထက်တန်းရှေ့နေ ကိုး ဦးကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ်မှာ တရားလွှတ်တော်ရှေ့နေ ခုနစ် ဦးနှင့် အထက်တန်းရှေ့နေ ၁၀ ဦးကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်မှာ တရားလွှတ်တော်ရှေ့နေ လေး ဦးနှင့် အထက်တန်းရှေ့နေ လေး ဦးကိုလည်းကောင်း သတိပေးခြင်း၊ လိုင်စင်ရပ်ဆိုင်းခြင်း၊ ထုတ်ပယ်ခြင်းပြစ်ဒဏ်များကို ချမှတ်အရေးယူဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ရှေ့နေရှေ့ရပ်တွေဟာ တည်ဆဲဥပဒေနှင့်အညီ ရှေ့နေအသင်းများဖွဲ့စည်း

**မူကြမ်း**

ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး တရားလွှတ်တော်ရှေ့နေများကောင်စီကထုတ်ဝေတဲ့ ရှေ့နေရှေ့ရပ်များရဲ့ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့်အခွင့်အရေးများ စာစောင်အပိုဒ် ၂၀၃ မှာ ရှေ့နေရှေ့ရပ်များဟာ ရှေ့နေလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးနှင့် ရှေ့နေရှေ့ရပ်များ စည်းလုံးညီညွတ်မှုရရှိရေးအတွက် ရှေ့နေအသင်းများကိုဒေသအလိုက် မြို့နယ်အလိုက် ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိကြောင်း ဖော်ပြထားပါတယ်။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရလည်း ပြည်တွင်းအသင်းအဖွဲ့များဟာ မိမိဆန္ဒအလျောက်မှတ်ပုံတင်လိုပါက သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားပြီး မှတ်ပုံတင်ခွင့်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရှေ့နေရှေ့ရပ်များဟာ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ ရှေ့နေအသင်းများ ဖွဲ့စည်းနိုင်ခွင့်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နည်းပညာတက္ကသိုလ်များရှိ ဆရာ၊ ဆရာမများသည် တက္ကသိုလ်များရှိ ဆရာ၊ ဆရာမများကဲ့သို့ လစာစကေးနှင့် အဆောင်အယောင်များတူညီစွာ ခံစားခွင့်မရရှိခြင်းမှာ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ညီညွတ်မှုရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဆက်စပ်တဲ့ မေးခွန်းတစ်ခုကိုမေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ ဒီမေးခွန်းဟာ ကျွန်တော့်ရည်ရွယ်ချက်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အစိုးရအဖွဲ့စတဲ့ သက်ဆိုင်ရာတာဝန်ရှိဌာနအဖွဲ့အစည်းများက မိမိရဲ့အောက်မှာရှိတဲ့ ဝန်ထမ်းအဖွဲ့အစည်းတွေရဲ့ စိတ်ခံစားချက်၊ လိုအပ်ချက်အခြေအနေလေးတွေကို သိရှိပြီးတော့ လိုအပ်တဲ့ ဖြေလျှော့မှု၊ ဖြည့်ဆည်းမှုတွေ ဆောင်ရွက်ပေးနိုင်ရေးကို ရည်ရွယ်ပြီးတော့ ကျွန်တော်မေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်မှာရှိတဲ့ အစိုးရနည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များမှာရှိတဲ့ ဆရာ၊ ဆရာမများဟာ ဘွဲ့ရအင်ဂျင်နီယာများ၊ ဘွဲ့ရကွန်ပျူတာပညာရှင်များကို သင်ကြားမွေးထုတ်ပေးလျက်ရှိကြပါတယ်။ အခြားဝန်ကြီးဌာနများအောက်ရှိတဲ့ ဘွဲ့ရပညာရှင်များမွေးထုတ်ပေးတဲ့ သင်ကြားလျက်ရှိတဲ့ ဆရာ၊ ဆရာမများ အုပ်ချုပ်ရေးတာဝန်ခံများနည်းတူ လစာစကေးများခံစားခွင့်မရခြင်း၊ အဆောင်အယောင်များမရခြင်းစတဲ့ လုပ်ငန်းခွင်တူညီ

ပါလျက် အဆင့်နှိမ့်ချထားရှိမှု၊ လုပ်ငန်းခွင်ပျော်ရွှင်သာယာမှုမရှိခြင်း၊ ယင်းတို့အနေဖြင့် ခွဲခြားဆက်ဆံခံရတယ်လို့ စိတ်ခံစားမှုဖြစ်ခြင်း၊ ဂုဏ်သိက္ခာသိမ်ငယ်မှုခံစားရခြင်းစတဲ့ ဝန်ထမ်းအချင်းချင်းလုပ်ငန်းချင်းတူပါလျက် လစာစကေးပေးထားခြင်းဟာ ကွာခြားတဲ့အတွက် ရေရှည်တွင်အစိုးရအပေါ်မှာ နာကြည်းမှုများ၊ ခံစားမှုများဖြစ်လာနိုင်ပြီးတော့ လုပ်ငန်းခွင်အာရုံစိုက်တာဝန်ထမ်းဆောင်မှုကိုပါ လျော့နည်းပျက်ပြယ်လာစေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အောက်ပါမေးခွန်းကိုမေးမှာဖြစ်ပါတယ်။

(က) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဘွဲ့ရအင်ဂျင်နီယာများနှင့် ဘွဲ့ရကွန်ပျူတာပညာရှင်များ မွေးထုတ်ပေးရသော နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှာ တာဝန်ထမ်းဆောင်ကြရသော ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ကထိက၊ လက်ထောက်ကထိကနှင့် နည်းပြစသော တက္ကသိုလ်အုပ်ချုပ်ရေးနှင့် သင်ကြားရေးဝန်ထမ်းများဟာ အခြားဝန်ကြီးဌာနများရှိ ဘွဲ့ရပညာရှင်များ မွေးထုတ်သင်ကြားပေးလျက်ရှိတဲ့ တက္ကသိုလ်များမှာရှိတဲ့ အုပ်ချုပ်ရေးနှင့် သင်ကြားရေးဝန်ထမ်း ဆရာ၊ ဆရာမများနှင့်တူညီသော အလုပ်ကိုထမ်းဆောင်လုပ်ကိုင်ရသည်ဟု မှတ်ယူအသိအမှတ်ပြုနိုင်ပါသလား။ အကယ်၍ တူညီသော အလုပ်ကို ထမ်းဆောင်လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြစ်သည်ဟု မှတ်ယူအသိအမှတ်မပြုနိုင်ပါက မည်သည့်အတွက်ကြောင့်ပါနည်း။ (ခ) အခြားတက္ကသိုလ်များနည်းတူ တူညီသောအလုပ်များကို ထမ်းဆောင်ကြသည်ဟု မှတ်ယူအသိအမှတ်ပြုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များရှိဘွဲ့ရပညာရှင်များမွေးထုတ်ပေးသော အုပ်ချုပ်ရေးနှင့်သင်ကြားရေး ဆရာ၊ ဆရာမများသည် အခြားတက္ကသိုလ်များရှိ အုပ်ချုပ်ရေးနှင့်သင်ကြားရေး ဆရာ၊ ဆရာမများကဲ့သို့ လစာစကေးနှင့်အဆောင်အယောင်များ တူညီစွာမခံစားရခြင်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း(၅)၊ ပုဒ်မ ၁၂ နှင့် ညီညွတ်ခြင်းရှိပါသလား။ ယင်းသို့ညီညွတ်ခြင်းမရှိပါက ယင်းပြဋ္ဌာန်းချက်နှင့်အညီ ခံစားခွင့်များရရှိစေရေးအတွက် မည်သည့်အချိန်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ကို ဖြေကြားရှင်းလင်းပေးပါရန် မေးမြန်းတင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယခုအစည်းအဝေးကြီးသို့ ကြွရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒီနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှင်းလင်းဆွေးနွေးပေးဖို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသောင်းဟန်မှ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းလာပါတယ်။ အဲ့ဒီ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်မှ ပြန်လည်ဖြေကြားတင်ပြမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅) နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း(၅)၊ အပိုဒ် ၁၂ မှာဝန်ထမ်းသည်တူညီသောအလုပ်အတွက် တူညီသည့်လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့်အခြားစရိတ်များကို သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်ဟု ပြဌာန်းထားပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှာ တာဝန်ထမ်းဆောင်လျက်ရှိကြတဲ့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဒုတိယပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြ၊ သရုပ်ပြအစရှိသော အုပ်ချုပ်ရေးနှင့်သင်ကြားရေးဆိုင်ရာ ဝန်ထမ်းများဟာ တာဝန်ထမ်းဆောင်ရာမှာ အခြားသောဝန်ကြီးဌာနများမှ တည်ထောင်တဲ့ တက္ကသိုလ်များနည်းတူ တက္ကသိုလ်စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့်သင်ကြားမှု တာဝန်များကို တာဝန်ထမ်းဆောင်ရတယ်လို့ အသိအမှတ်ပြုပြီးတော့ အခြားနိုင်ငံ့ဝန်ထမ်းများနည်းတူ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခံစားပိုင်ခွင့် ပေးထားပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ရှင်းလင်းတင်ပြလိုတဲ့ အချက်တစ်ခုကတော့ ကျွန်တော်တို့ တက္ကသိုလ်၊ ကောလိပ်တွေမှာ လက်ရှိပါမောက္ခချုပ် နှစ်ဦး၊ ဒုတိယပါမောက္ခချုပ်အဖြစ် ပါမောက္ခချုပ် တာဝန်ပေးအပ်ထားသူ ၁၁ ဦး ကျန်တက္ကသိုလ်ကောလိပ်များမှာ ညွှန်ကြားရေးမှူးပါမောက္ခ(သို့မဟုတ်)ဒုတိယညွှန်ကြားရေးမှူး၊ ဒုတိယပါမောက္ခအဆင့်ဖြစ် ခေတ္တကျောင်းအုပ်ကြီး တာဝန်ပေးထားသူများရှိပါတယ်။ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များကို တက္ကသိုလ်ပါမောက္ခချုပ် အဆောင်အယောင်များဖြစ်တဲ့ မော်တော်ယာဉ်

စက်သုံးဆီသုံးစွဲခွင့် နေအိမ်နှင့်ရေ၊ မီးခံစားခွင့်နှင့် အခြားရသင့်ရထိုက်သော ဝန်ထမ်းများရဲ့ခံစားခွင့်များကို ခွင့်ပြုထားရှိပါတယ်။ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် မဟုတ်သော်လည်း ကျောင်းအုပ်များအဖြစ်တာဝန်ယူဆောင်ရွက်နေရတဲ့ ညွှန်ကြားရေးမှူး (သို့မဟုတ်) ပါမောက္ခအဆင့်၊ ဒုတိယညွှန်မှူး (သို့မဟုတ်) တွဲဖက်ပါမောက္ခအဆင့်၊ ကျောင်းအုပ်ကြီးများကိုလည်း ၎င်းတို့တာဝန်ယူရတဲ့တက္ကသိုလ်များမှာရှိတဲ့ Facility များကို အပြည့်အဝခံစားခွင့်ပြုထားပါတယ်။ ကျွန်တော်တို့ လစာစကေးကတော့ သူ့ရဲ့မူလရာထူးရဲ့ လစာစကေးအတိုင်းပဲ ဒုတိယညွှန်ကြားရေးမှူးဟာ၊ ပါမောက္ခများဟာ၊ ကျန်တဲ့အခြားဝန်ကြီးဌာနများမှ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများရဲ့ လစာစကေးနဲ့ တန်းတူရှိပါတယ်။ ယခင်တုန်းကတော့ ကျွန်တော်တို့ တက္ကသိုလ်တွေမှာ ဆရာလိုအပ်ချက်ကြောင့် BE ဘွဲ့ရများ၊ ME ဘွဲ့ရများကို

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)။** ။ ရာထူးဝန်အဖွဲ့ကနေပြီးတော့ မခေါ်ဆိုခင်မှာ သင်ကြားရေးအခက်အခဲမရှိအောင်ခန့်ထားခဲ့ရတာရှိပါတယ်။ အဲ့လိုခန့်ထားစဉ်တုန်းကတော့ မူလဝင်ပေါက်ရဲ့ တစ်ဆင့်နိမ့်သော ရာထူးများမှာ အရင်ဆုံးခေါ်ပြီးမှ ရာထူးဝန်အဖွဲ့နဲ့ညှိနှိုင်းပြီး ရာထူးတိုးမြှင့်ပေးခဲ့တာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်းဥပဒေများမှာ ဝန်ထမ်းမှခံစားရတဲ့အဆောင်အယောင်များအတွက် သီးခြားပြဋ္ဌာန်းထားခြင်းမရှိသော်လည်းပဲ အုပ်ချုပ်ရေးနှင့်သင်ကြားရေးဝန်ထမ်းများက နေအိမ်၊ မော်တော်ယာဉ်သုံးစွဲခံစားခွင့်၊ စက်သုံးဆီသုံးစွဲခံစားခွင့်ပြုခြင်းအတွက် နှစ်စဉ်ခွင့်ပြုသတ်မှတ်ပေးသော ဘဏ္ဍာရေးခွင့်ပြုချက်အတွင်းမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)။** ။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒုတိယဝန်ကြီးဖြေကြားသွားတာကို ကျွန်တော် အင်မတန်မှ ကျေးဇူးတင်ပါတယ်။ သို့သော်လည်းပဲ အကြမ်းဖျင်း ယေဘုယျသဘောဆန်ပြီးတော့ ကျွန်တော်ရဲ့ မေးထားတဲ့နောက်ဆုံးမေးခွန်းလေးကို ထည့်သွင်းဖြေကြားခြင်းမပြုတဲ့အတွက် ထပ်ဆင့်ပြီးမေးခွင့်ပြုပါခင်ဗျာ။ တကယ်တော့ လုပ်ငန်းခွင်တူညီတယ်ဆိုတာ ကျွန်တော်တို့ တက္ကသိုလ်တစ်ခုကို အုပ်ချုပ်တဲ့၊ ဘွဲ့ရမွေးထုတ်တဲ့ လုပ်ငန်းဟာ လုပ်ငန်းခွင်တူညီတယ်လို့ ကျွန်တော့်အနေနဲ့တော့ ဒီလိုခံယူပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနမှာ ဥပမာပေးရရင် ကျောင်းသား ၁၀၀၀ လောက်ရှိတဲ့ ရှမ်းပြည်နယ်က

တက္ကသိုလ်တစ်ခုမှာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် ပတ်ကားတွေနဲ့အုပ်ချုပ်ပြီးတော့ မွေးထုတ်နေပါတယ်။ ကျွန်တော်တို့ ခုနက ဝန်ကြီးဌာနမှာရှိတဲ့ နည်းပညာတက္ကသိုလ် ၃၅ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၁ ကျောင်းမှာ ကျောင်းအုပ်ကြီးများနဲ့ပဲ တာဝန်ပေးပြီးတော့၊ တက္ကသိုလ်ရဲ့အဓိပတိတာဝန်ပေးပြီးတော့ မွေးထုတ်နေတာကိုတွေ့ရပါတယ်။ အဲ့ဒီတော့ လုပ်ငန်းခွင်တူညီတယ်ဆိုရင် ဒီတက္ကသိုလ်တွေမှာလည်းပဲ ဒီတာဝန်ကိုထမ်းဆောင်ရင် ဒီတာဝန်နဲ့လိုက်လျောတဲ့ရာထူးတာဝန်များ ပေးသင့်ပါတယ်။ ဒါကျောင်းအုပ်ကြီးအပိုင်းပါ။ နောက်ထပ် ဒီကျောင်းမှာသင်ကြားကြတဲ့ ကထိကတွေ၊ လက်ထောက်ကထိကတွေ၊ တွဲဖက်ပါမောက္ခတွေ၊ ဌာနမှူးတွေဆိုတာကလည်းပဲ ပညာရေးဝန်ကြီးဌာနက တက္ကသိုလ်တွေမှာရှိတဲ့ ရာထူးအခေါ်သာတူနေပြီးတော့ စကေးကတစ်ဆင့် နိမ့်နေတာတွေကို ကျွန်တော်လေ့လာသိရှိရပါတယ်။ အဲ့တော့ အဲ့ဒီကလေးတွေမှာ ကျွန်တော့်အနေနဲ့ ဆန္ဒရှိတာကတော့ ဒီရပ်ပိုင်းဆိုင်ရာတွေဖြည့်ဆည်းတဲ့အပြင် ဒီပညာရှင်ကလေးတွေရဲ့စိတ်မှာ နိုင်ငံတော်အပေါ်မှာ ငြိုငြင်တဲ့စိတ်မျိုး၊ အထင်အမြင်လွဲမှားတဲ့စိတ်မျိုးတွေ မမွေးအောင်လို့ သူတို့ရဲ့ ခံစားခွင့်၊ ရရှိပိုင်ခွင့်၊ သူတို့တာဝန်နဲ့လိုက်လျောညီထွေတဲ့ ရာထူးတာဝန်တွေကို ဖြည့်ဆည်းပေးသင့် တယ်လို့ ဒီလိုမြင်တဲ့အတွက် ကျွန်တော်ရဲ့နောက်ဆုံးမေးခွန်းဖြစ်တဲ့၊ နောက်ဆုံးအချက်ဖြစ်တဲ့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်မှာရှိတဲ့ နည်းပညာတက္ကသိုလ်တွေ၊ ကွန်ပျူတာတက္ကသိုလ်တွေမှာရှိတဲ့ ဝန်ထမ်းအဆင့်ဆင့်ကို၊ ဆရာဝန်ထမ်းအဆင့်ဆင့်ကို Facility အပြည့်အဝပေးတယ်ဆိုပေမယ့် ကျန်တဲ့ဝန်ကြီးဌာနများရဲ့ တက္ကသိုလ်များနဲ့ မတူညီတာတွေရှိတဲ့အတွက် ဒါတွေကို ဘယ်တော့ကို ဒုတိယဝန်ကြီးတို့အနေနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မလဲလို့ ကျွန်တော်ထပ်ဆင့်ပြီး မေးမြန်းတင်ပြလိုပါတယ်ခင်ဗျား။

**ဒေါက်တာအောင်မြတ်ကျော်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ထပ်ဆင့်မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ ရှင်းလင်းဖြေကြားပါမယ်။ ကျွန်တော်တို့ ဒီလက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ကျောင်းအုပ်တာဝန်များဟာ တကယ်တမ်းကျတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျွန်တော် မန္တလေးစက်မှုတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင် စဉ်ကတည်းကပဲ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ စံပြသင်တန်းသားအဖြစ်ကနေမွေးထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ သူတို့ကို ပထမနှစ်ကျောင်းသားတွေကတည်းက ကျွန်တော်တို့လခပေးပြီးတော့ ဝန်ထမ်းသင်တန်းသားအဖြစ် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ သူတို့ကို အဆင့်ဆင့်ရာထူး တိုးမြှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ကိုရာထူးတိုးမြှင့်ပေးခဲ့ရတဲ့အချိန်တွေဟာ အလွန်ပဲတိုတောင်းပါတယ်။ ဆိုလိုချင်တာကတော့ အသက် ၂၂ နှစ်ကနေ ၂၅ နှစ်အတွင်းမှာ သူတို့က ကထိကများအဖြစ်နဲ့ ရာထူးတိုးမြှင့်ခြင်း

ခံရပြီးတော့ အခုဆိုရင်အသက် ၃၀ လောက်မှာပဲ ပါမောက္ခအဆင့်ကို တချို့ ရာထူးတိုးမြှင့်ခြင်းခံထားရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တချို့တက္ကသိုလ်၊ ကောလိပ်များမှာ ကျွန်တော်တို့ ဖွဲ့စည်းပုံအရ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်ရှိသော်လည်းပဲ လက်ရှိသူတို့ရဲ့ ပါမောက္ခရာထူးမှာ တာဝန်ထမ်းဆောင်တဲ့ကာလသည် သတ်မှတ်ကာလမပြည့်မီတာလည်း ရှိနိုင်ပါတယ်။ တချို့ဆိုရင် ဒုတိယပါမောက္ခအနေနဲ့ တာဝန်ထမ်းဆောင်နေရတာဖြစ်တဲ့အတွက် ကျွန်တော်တို့က ကျောင်းအုပ်ကြီး တာဝန်ပေးထားတာဖြစ်ပါတယ်။ အခု ကျွန်တော်တို့ တော်တော်များများ ဒုတိယပါမောက္ခချုပ်များကိုလည်း ပါမောက္ခချုပ်အဆင့်သို့တိုးမြှင့်ပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီအတိုင်းပဲ ခုနက ဒုတိယပါမောက္ခ၊ ပါမောက္ခများကိုလည်း ဒုတိယပါမောက္ခချုပ်နဲ့ ပါမောက္ခချုပ်အဆင့်များသို့ တစ်ဆင့်မြှင့်ရာထူးများ တိုးမြှင့်ပေးဖို့ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းတွေကိုတော့ ကျွန်တော်တို့စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမယ့်လုပ်ငန်း များဖြစ်ပြီးတော့ အခုဆိုရင်လည်း တက္ကသိုလ်များဟာ အမျိုးသားပညာရေးဥပဒေအရ လွတ်လပ်စွာ စီမံဆောင်ရွက်ခွင့်ရှိတဲ့ တက္ကသိုလ်များအဖြစ်ကို ကျွန်တော်တို့ကူးပြောင်းရတော့မှာ ဖြစ်ပါတယ်။ အဲ့ဒီလို ကူးပြောင်းဖို့အတွက် တက္ကသိုလ်တစ်ခုမှာ စီမံခန့်ခွဲမှုကောင်းမွန်တဲ့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နဲ့ ဌာနမှူးများလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကိုလည်းပဲ လေ့ကျင့်ပေးတဲ့အနေနဲ့ လေ့ကျင့်ကာလတစ်ခု သတ်မှတ်ပြီးတော့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်းနှင့် အခုမကြာခင်မှာပဲ ဒီကျောင်းအုပ်ကြီးများကိုလည်းပဲ ကျွန်တော်တို့ ရာထူးတိုးမြှင့်ပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ဖယ်ခုံမြို့နယ်ရှိ ရွှေပြည်အေးလူငယ်ပြန်လည်ထူထောင်ရေးစခန်းအား ဘက်စုံမွမ်းမံမြှင့်တင်၍ ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးဖရန်စစ္စကို၊ ဖယ်ခုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖရန်စစ္စကို(ဖယ်ခုံမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်က ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကို ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ ကုန်းဆုံကျေးရွာရှိ ရွှေပြည်အေးလူငယ်ပြန်လည်ထူထောင်ရေးစခန်းနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေပြည်အေးလူငယ်ပြန်လည်ထူထောင်ရေးစခန်းကို မူးယစ်ဆေးဝါးအန္တရာယ်

တားဆီးကာကွယ်ရေးဗဟို၊ မူးယစ်ဗဟိုနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ပူးပေါင်း၍ ၁၆-၁၀-၁၉၈၃ ရက်နေ့မှစ၍ အပတ်စဉ်(၁) စတင်ဖွင့်လှစ်ခဲ့ပါသည်။ အပတ်စဉ်(၂၈)ထိ ဖွင့်လှစ်ခဲ့ပြီး ၂၉-၁၂-၂၀၀၅ ရက်နေ့ သင်တန်းဆင်းပြီးသည့်နောက်ပိုင်း ဆက်လက် ဖွင့်လှစ်ခြင်းမရှိတော့ပါ။ သင်တန်းအမှတ်စဉ်(၂၈)အထိ တက်ရောက်ခဲ့သော သင်တန်းသား ၄၇၃ ဦး ဖြစ်ပြီး သင်တန်းပြီးဆုံးဦးရေ ၄၂၇ ဦး၊ မိဘအပ် ၁၅ ဦး၊ ထွက်ပြေး ၂၈ ဦးနှင့် သေဆုံး သုံးဦးရှိ၍ ဖြုန်းတီးအင်အား ၄၆ ဦးရှိကြောင်း သိရှိရပါသည်။ မူးယစ်ဗဟိုမှ ဦးစီးဖွင့်လှစ်သော ဖယ်ခုံတွင် ရွှေပြည်အေး၊ ပြည်(ဝက်ထီးကန်)တွင် ရွှေပြည်သာ၊ မူဆယ်တွင် ရွှေပြည်သစ်ဖြစ်ပြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးစီး၍ စခန်း ခုနစ်ခုဖွင့်လှစ်ကြောင်း သိရှိ ရပါသည်။ သို့ပါသော်လည်း လက်ရှိစခန်းများအားလုံး ပုံမှန်ဖွင့်လှစ်မှုအားနည်းနေကြောင်း လေ့လာ တွေ့ရှိရပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် လူသားအရင်းအမြစ်များဆုံးရှုံး နေကြောင်း အထူးသဖြင့် လူငယ်ထုအများ ပျက်စီးနေမှုကြောင့် ရှမ်း၊ ကယားအတွက် အဓိကဖွင့်လှစ် သော ရွှေပြည်အေးစခန်းအား ပြန်လည်မြှင့်တင်ဖွင့်လှစ်ရန်လိုအပ်မည်ဟု ယုံကြည်ပါသောကြောင့် အောက်ပါမေးခွန်းမေးမြန်းအပ်ပါသည်။ ဖယ်ခုံမြို့နယ်ရှိ ရွှေပြည်အေးလူငယ်ပြန်လည်ထူထောင်ရေး စခန်းအား ဘက်စုံမွမ်းမံမြှင့်တင်၍ ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိလိုပါကြောင်းနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင် ရွက်မည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ ကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဖယ်ခုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကို မေးမြန်းထားမှုနှင့်

ပတ်သက်ပြီး ကျွန်မ ဒေါ်စုစုလှိုင်ကနေပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးစခန်းကို မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရဲ့ လမ်းညွှန်ချက်နှင့် ကမ္ဘာ့ကုလသမဂ္ဂရန်ပုံငွေဖြင့်တည်ဆောက်ခဲ့ပြီး ၁-၈-၁၉၈၃ ရက်နေ့တွင် ဖယ်ခုံစံပြစိုက်ပျိုးမွေးမြူရေးစခန်းအမည်ဖြင့် သင်တန်းသား ၂၀ ဦးဆံ့ စခန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၁-၁၀-၂၀၀၂ ရက်နေ့ကနေစပြီး ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးစခန်းအမည်ဖြင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရဲ့ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင် မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရဲ့ ကြီးကြပ်မှုနှင့် ဌာနအဖွဲ့အစည်း ငါးခုဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အုပ်ချုပ်ရေး၊ လုံခြုံရေး၊ ထောက်ပံ့ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ မူးယစ်ဆေးအဆိပ်ဖြေကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းကိစ္စရပ်များကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ပြန်လည်ထူထောင်ရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ အသက်မွေးပညာသင်ကြားခြင်း၊ စာတွေ့၊ လက်တွေ့ပို့ချခြင်းများကိုလည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ရွှေပြည်အေး လူငယ်များပြုစုပျိုးထောင်ရေးစခန်းတွင် ၁၆-၁၀-၁၉၈၃ ရက်နေ့မှစပြီး သင်တန်းအပတ်စဉ်(၁)ကနေပြီး(၂၈)အထိ ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၄၂၈ ဦးကို ပြန်လည်ထူထောင်ပေးနိုင်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးစခန်းတွင် ယခင်က သင်တန်းသားရရှိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးစီးဆောင်ရွက်ပေးခဲ့ပြီး သင်တန်းအမှတ်စဉ် (၂၈) ဖွင့်လှစ်ပြီးနောက်ပိုင်းမှာ သင်တန်းသားရရှိမှု အခက်အခဲရှိတဲ့အတွက် သင်တန်းများကို ရပ်နားခဲ့ပါတယ်။ သင်တန်းရပ်နားထားစဉ်ကာလအတွင်း ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးစခန်းမှ လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများအား လုပ်ငန်းလိုအပ်ချက်အရ အခြားစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ သင်တန်းသားရရှိရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များ ရပ်ရွာပြည်သူလူထုနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများ မွေးထုတ်ပေးရမှာဖြစ်တဲ့အတွက် စေတနာ့ဝန်ထမ်း

မူယစ်ကြီးကြပ်ရေးမှူးသင်တန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမလေးလပတ်မှာ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန အနေဖြင့် ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးစခန်းတွင် သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများပြန်လည် တာဝန်ပေးအပ်ရေး၊ လိုအပ်တဲ့ အဆောက်အဦများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများပြုလုပ်ပြီး ပြန်လည်ထူထောင်ရေးသင်တန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ တတိယလေးလပတ်မှာ စတင်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးစခန်းအား တိုက်ရိုက်ကြီးကြပ်တဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှလည်း ပြန်လည်ထူထောင်ရေးစခန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများနှင့် ဒေသခံပြည်သူများပူးပေါင်းဆောင်ရွက်မှုဖြင့် စည်းရုံးရရှိလာတဲ့ မူးယစ်ဆေးဖြတ်ပြီး သင်တန်းသားများဖြင့် ရွှေပြည်အေး လူငယ်များပြုစုပျိုးထောင်ရေးစခန်းအား မကြာမီကာလအတွင်း ဖွင့်လှစ်သွားနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**လုပ်သက်၂ နှစ်မှ ၁၇ နှစ်အထိ နေ့စားဝန်ထမ်းများကို လုပ်သက်ရဝန်ထမ်းအဖြစ် တိုးမြှင့်ပေးရန်နှင့် အလုပ်လက်မဲ့ဖြစ်နေသော ဘွဲ့ရများကို အလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးသောင်း၊ မော်လိုက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုသည့် ကြယ်ပွင့်ပြမေးခွန်းကတော့ အစိုးရဌာနများတွင် ဘွဲ့ရ(နေ့စား)လပေးဝန်ထမ်းများ၊ နေ့စားများကို စီမံချက်ရေးဆွဲ၍ အမြဲတမ်းလစာရရှိ၊ နိုင်ငံ့ဝန်ထမ်းများ In Service အဖြစ် တိုးမြှင့်ခန့်ထားပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မော်လိုက်မြို့နယ်မှာ အစိုးရဌာနပေါင်း၊ မြို့နယ်နှင့် ခရိုင်စုစုပေါင်း ၃၇ ဌာနရှိပါတယ်။ တချို့ဌာနများတွင် ဖွဲ့စည်းပုံ

များရှိကြသော်လည်း ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းများကို ပြည့်စုံစွာခန့်ထားခြင်းမရှိသဖြင့် (နေ့စား) လပေးဝန်ထမ်းများကို အမြဲတမ်းဝန်ထမ်းများ၏နေရာတွင် အစားထိုး၍ (နေ့စား)လပေးပုတ်ပြတ်၊ ပုတ်ပြတ်နေ့စားများ ခန့်ထားဆောင်ရွက်ရသည်ကို လေ့လာတွေ့ရှိရပါတယ်။ အချို့သောဌာနများမှာ ဘွဲ့ရနေ့စားများကို ၂ နှစ်မှ ၁၇ နှစ်အထိ နေ့စားဝန်ထမ်းအဖြစ် လုပ်နေကြရပါတယ်။ ဝန်ထမ်းလုပ်သက်အဖြစ် ရရှိခံစားရခြင်းမရှိဘဲ အလွန်နစ်နာဆုံးရှုံးနေသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ နေ့စားဘဝတွင် ဝန်ထမ်းလုပ်သက်မရသဖြင့် ပင်စင်ယူသည့်အခါမှာ ပိုမိုပြီးတော့မှ နစ်နာဆုံးရှုံးရပါတယ်။ ဘွဲ့ရအလုပ် လက်မဲ့၊ ဘွဲ့ရနေ့စားအလုပ်သမားများ Public Servant နိုင်ငံ့ဝန်ထမ်းအဖြစ် အလုပ်ရရှိရေး၊ နေ့စားလုပ်သက် ၁၇ နှစ်ခန့်လုပ်ရပြီး အမြဲတမ်းဝန်ထမ်းအဖြစ်ရရှိရေး၊ ဝန်ထမ်းလုပ်သက်ရ In Service အဖြစ်ရရှိရေးကို မကြာခဏလာရောက်တင်ပြကြပါတယ်။ ကျေးရွာနေတောင်သူလယ်သမားများ၏ သားသမီးများမှာ စားဝတ်နေရေးခက်ခဲသောအခြေအနေမှ တက္ကသိုလ်ပညာကို ကြိုးစားအားထုတ်ပြီး ဘာသာရပ်အလိုက်ဘွဲ့အမျိုးမျိုးရရှိခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ဘွဲ့ရပြီး အလုပ်လျှောက်ထားသော်လည်း နှစ်ကြိမ်၊ သုံးကြိမ်လျှောက်ထားသော်လည်း အလုပ်အကိုင်မရရှိဘဲ အလုပ်လက်မဲ့ဘဝရောက်ရှိနေကြပါတယ်။ မိမိရောက်ရှိခဲ့တဲ့တောရွာတွေ၊ မြို့နယ်တော်တော်များများမှာ ဘွဲ့ရအလုပ် လက်မဲ့များတွေ့ရှိရပါတယ်။ တစ်ပြည်လုံးတွင်လည်း ဘွဲ့အမျိုးမျိုးရရှိပြီး အလုပ်လက်မဲ့ဘဝရောက်ရှိ နေကြသည်ကိုလည်း မိမိတွေ့ရှိခဲ့ရပါတယ်။ ဘွဲ့ရများအလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံတော်အစိုးရက မြို့နယ်တိုင်းတွင် ဘွဲ့ရအလုပ်လက်မဲ့များ၊ နှစ်ရှည်လများ (နေ့စား)ဘဝလုပ်နေရသည့် ဝန်ထမ်းများစာရင်းကောက်ယူပြီး စီမံချက်ရေးဆွဲကာ အလုပ်အကိုင်နေရာချထားပေးသင့်ကြောင်း တင်ပြလိုပါတယ်။

သို့ပါ၍ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်(နေပြည်တော်)မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ (က) အစိုးရဌာနအသီးသီးတွင် နေ့စားဝန်ထမ်းအဖြစ် ၂ နှစ်မှ ၁၇ နှစ်အထိ တာဝန်ထမ်းဆောင်သူများကို (In Service) လုပ်သက်ရဝန်ထမ်းအဖြစ်တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ၊ (ခ) ကျေးလက်တောရွာများနှင့် မြို့များတွင် ဘွဲ့အမျိုးမျိုးရရှိပြီး အလုပ်လက်မဲ့များကို စာရင်းကောက်ယူ၍ စီမံချက်ရေးဆွဲကာ အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ခန့်ထားပေးနိုင်ခြင်းရှိ/မရှိမေးမြန်းအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး၊ ကိုယ်ကျန်းမာ စိတ်ချမ်းသာကြပါစေကြောင်း ပဏာမ ဆုတောင်းဂါရဝပြုအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်လို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးထင်အောင်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ အစိုးရဌာနအသီးသီးတွင် နေ့စားဝန်ထမ်းများအဖြစ် နှစ်နှစ်မှ ၁၇ နှစ်အထိ တာဝန်ထမ်းဆောင်သူများကို In Service လုပ်သက်ရဝန်ထမ်းများအဖြစ် တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပတ်သက်လို့ နေ့စားဝန်ထမ်းများခန့်အပ်ရာမှာ ဖွဲ့စည်းပုံအရ နေရာလစ်လပ်မှုနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ခွင့်ပြုချက်တို့အပေါ် မူတည်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်ထားတဲ့ နေ့စားများကို အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများက နည်းဥပဒေ ၄၉ မှာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အကြီးအမှူးသည် ဝန်ထမ်းအဖွဲ့အစည်း၏ လိုအပ်ချက်အရ ဖွဲ့စည်းပုံအင်အားအတွင်း လစ်လပ်လျက်ရှိသည့် ရာထူးတစ်နေရာကို ကျော်ထောက်နောက်ခံပြု၍ ယင်းအောက်တစ်ဆင့်နိမ့်သော ရာထူးတစ်နေရာတွင် ဌာနအတွင်းမှ ဝန်ထမ်းများကိုခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းဖြင့် ခန့်ထားနိုင်သည်လို့ ပြဋ္ဌာန်းထားပြီးတော့ နည်းဥပဒေ ၅၀ မှာ နည်းဥပဒေ ၄၉ အရ ခန့်ထားရာတွင် သတ်မှတ်ခွင့်ပြုထားသည့် ဝန်ထမ်းဖွဲ့စည်းပုံအင်အားအတွင်း ဖြစ်ရမည်ဟူ၍ လည်းကောင်း၊ ရာထူးတိုးမြှင့်ပေးနိုင်သည့် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ကိုက်ညီရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားတာမို့လို့ အစိုးရဌာနအသီးသီးမှာ နေ့စားဝန်ထမ်းများအား သက်ဆိုင်ရာအစိုးရဌာနရဲ့ လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီး လုပ်သက်ရဝန်ထမ်းများကို အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ပေးနေပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း လစ်လပ်ဝန်ထမ်းများ ခန့်ထားရာမှာ နိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနဲ့အညီ

ခန့်ထားဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ နေ့စားဝန်ထမ်းအဖြစ်လျှောက်ထားသူများမှ သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီသူများကိုရွေးချယ်ပြီး ခွင့်ပြုရန်ပုံငွေအပေါ်မူတည်ကာ အထက်ဌာနအဆင့်ဆင့်သို့တင်ပြ ခွင့်ပြုချက်ဖြင့် နေ့စားဝန်ထမ်းခန့်ထားခြင်းကို ဆောင်ရွက်သလို နေ့စားဝန်ထမ်းများအား လုပ်ငန်းလိုအပ်ချက်အရ အမြဲတမ်းဝန်ထမ်းများ လစ်လပ်တဲ့အခါမှာ ၎င်းတို့တာဝန်ထမ်းဆောင်ခဲ့တဲ့ ကြီးစဉ်အလိုက် ပညာအရည်အချင်း၊ သတ်မှတ်အရည်အချင်းများနဲ့ ကိုက်ညီသူတွေကို လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနဲ့အညီရွေးချယ်ပြီး အထက်ဌာနအဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရယူကာ အမြဲတမ်းဝန်ထမ်း (In Service) အဖြစ် ခန့်ထားခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

နောက်ဒုတိယမေးခွန်းဖြစ်တဲ့ ကျေးလက်တောရွာများနှင့် မြို့များတွင်ဘွဲ့အမျိုးမျိုးရရှိပြီး အလုပ်လက်မဲ့များကို စာရင်းကောက်ယူပြီး စီမံချက်ရေးဆွဲကာ အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ခန့်ထားပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်လို့ မိမိတို့ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပြည်တွင်းပြည်ပတွေမှာ အလုပ်အကိုင် နေရာချထားရေးလုပ်ငန်းစဉ်မှာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်နဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်စေဖို့၊ အလုပ်သမားခေါ်ယူလိုတဲ့ အစိုးရ၊ ပုဂ္ဂလိက၊ သမဝါယမနဲ့ ဖက်စပ်တို့ရဲ့စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွေမှာ လိုအပ်တဲ့နေ့စား၊ လစားဝန်ထမ်းများအတွက် ကျွမ်းကျင်ပြီးအရည်အချင်းပြည့်ဝတဲ့ အလုပ်သမားများရရှိဖို့နဲ့ အလုပ်အကိုင်လိုအပ်တဲ့ အလုပ်သမားများအတွက် အလုပ်ရရှိနိုင်ဖို့တို့ကို ဘွဲ့ရသူများရော၊ ဘွဲ့မရသူများအတွက်ပါ ရည်ရွယ်ပြီး အလုပ်သမားမှတ်ပုံတင်ပြုလုပ်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ အလုပ်ခန့်ထားပေးခြင်းစတဲ့ လုပ်ငန်းတွေကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၅ ခုတို့မှာ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံး ၇၈ ရုံးဖွင့်လှစ်၍ ဆောင်ရွက်ပေးနေပါတယ်။

ဒါတင်မက လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အလုပ်အကိုင်နှင့်အလုပ်သမား ရှာဖွေရေးရုံးဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့ ဒေသတွေသို့ Mobile Team ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်ရရှိစေဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair)များကို ကျင်းပပြုလုပ်ပြီး အလုပ်ခန့်ထားလိုသူနဲ့ အလုပ်

အကိုင်လိုချင်သူများအား တိုက်ရိုက်ချိတ်ဆက်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် မိမိတို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှာ မှတ်ပုံတင်ထားရှိတဲ့ ပြည်တွင်းနှင့်ပြည်ပ အလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနဲ့ အလုပ်သမားခန့်ထားလိုတဲ့ ကုမ္ပဏီများက အလုပ်လိုချင်သူများအား ချိတ်ဆက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေတာဖြစ်ပါတယ်။ ဒီလို အလုပ်အကိုင်အခွင့်အလမ်းများနဲ့ ပတ်သက်လို့ ဆောင်ရွက်ပေးတဲ့နေရာမှာ ကျေးလက်တောရွာနဲ့မြို့များက ဘွဲ့ရတဲ့သူတွေရော၊ ဘွဲ့မရတဲ့သူတွေရော အားလုံးကို ဆောင်ရွက်ပေးနေပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဝန်ထမ်းများ ခရီးသွားရာ၌ သတ်မှတ်ထားသော နေ့တွက်စရိတ်နှုန်း(၁၇၀၀ိ/-)အစား ခေတ်နှင့်ဆီလျော်သည့် နှုန်းထားသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာတင်မောင်ကြိုင်၊ ကြံခင်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာတင်မောင်ကြိုင်(ကြံခင်းမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဌာနဆိုင်ရာ သာမန်အသုံးစရိတ်များမှာ ဝန်ထမ်းများခရီးသွားလာရာတွင် လက်ရှိသတ်မှတ်ထားသော နေ့တွက်စရိတ် ၁၇၀၀ိ/-အစား ခေတ်နှင့်ဆီလျော်သည့်နှုန်းထားတစ်ခုသတ်မှတ်ပေးနိုင်ရေး ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနဆိုင်ရာဝန်ထမ်းများကို လစာများတိုးမြှင့်ပေးခဲ့တဲ့အတွက် ဝန်ထမ်းများအနေနဲ့ ရုံးလုပ်ငန်းများကို တာဝန်ထမ်းဆောင်ရသည့်မှာ ယခင်ကထက် စိတ်ပျော်ရွှင်စွာ ပိုမိုထမ်းဆောင်နိုင်တာကို တွေ့ရပါတယ်။ သို့သော်လည်းပဲ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းအချို့တို့အနေနဲ့ တာဝန်အရ မြို့နယ်ကျော်ခရီးသွားလာရာမှာ အသုံးပြုရတဲ့ယာဉ်အမျိုးအစားအလိုက် အခကြေးငွေများကို ခရီးစရိတ် နည်းဥပဒေအရထုတ်ယူရရှိသော်လည်း နေ့တွက်စရိတ်မှာမူ တစ်နေ့ ၁၇၀၀ ကျပ်သာပြဋ္ဌာန်းထားတဲ့အတွက် အခက်အခဲများတွေ့နေရကြောင်း လေ့လာတွေ့ရှိရပါတယ်။ ခရီးသွားလာရပါက မိမိတို့အား တိုးမြှင့်ပေးလိုက်တဲ့လစာဟာ ခရီးစရိတ်ထဲမှာပဲ ပျောက်ဆုံးနေရပါတယ်။ ဥပမာအားဖြင့် ကြံခင်းကနေ ပုသိမ်ကို ရထားနဲ့သွားတဲ့ ခရီးစဉ်ကိုကြည့်ရင် စတင်ထွက်ခွာတဲ့

နေ့မှာ နေ့တွက်ခ ၁၇၀၀ ကျပ်နှင့် ရထားလက်မှတ်ခ ခရီးစရိတ်ထုတ်ယူရရှိပြီး အခြားသော နေ့လယ်စာ၊ ညစာနှင့် တည်းခိုခန်းခများမရရှိပါ။ ဒုတိယနေ့မှာလည်း နေ့တွက်ခ ၁၇၀၀ ကျပ်သာ ထုတ်ယူရရှိပြီး မနက်စာ၊ နေ့လယ်စာ၊ ညစာနှင့် တည်းခိုခန်းခ၊ မြို့ပြင်ရုံးများသို့သွားလာရတဲ့ ဆိုင်ကယ်ကယ်ရီခများ မရရှိပါ။ တတိယနေ့အပြန်ခရီးမှာလည်း နေ့တွက်ခ ၁၇၀၀ ကျပ်နှင့် ရထားလက်မှတ်ခအတွက်သာရရှိပြီး ကျန်နေ့လယ်စာ၊ နံနက်စာ၊ ညစာများအတွက် ရရှိခြင်းမရှိပါ။ အဆိုပါ ခရီးစဉ်ကို နေ့တွက်စရိတ်ခန့်မှန်းတွက်ချက်ကြည့်မယ်ဆိုရင် နံနက်စာကျပ် ၁၀၀၀၊ နေ့လယ်စာ သာမန်အားဖြင့် ၁၅၀၀ိ/-၊ ညစာ သာမန်အားဖြင့် ၁၅၀၀ိ/-၊ တည်းခိုခန်းခ သာမန်အားဖြင့် ၄၀၀၀ိ/-၊ ဆိုင်ကယ်ကယ်ရီခ အသွားအပြန် ၂၀၀၀ိ/- စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ် ၁၀၀၀၀ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သို့ပါ၍ ဝန်ထမ်းများ ခရီးသွားလာရာမှာ လက်ရှိသတ်မှတ်ထားသော နေ့တွက်ခရီးစရိတ် ၁၇၀၀ ကျပ်အစား ခေတ်နှင့်လျော်ညီတဲ့နှုန်းထားတစ်ခု သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ဝန်ထမ်းများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြံခင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်မောင်ကြိုင်မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံခရီးစရိတ် နည်းဥပဒေမှာ တာဝန်နှင့်ခရီးသွားလာရတဲ့ဝန်ထမ်းတွေအတွက် ခရီးသွားနေ့တွက်စရိတ်ကို တာဝန်ကျရာဌာနချုပ်မှထွက်ခွာတဲ့ နေ့တစ်နေ့စီအတွက် တူညီသောနှုန်းထားဖြင့်ခွင့်ပြုတဲ့ ခရီးစရိတ်တစ်မျိုးဖြစ်ကြောင်း ခရီးသွားစဉ် ထိုကုန်ကျသောစရိတ်များကို ကာမိစေရန် ရည်ရွယ်ခွင့်ပြုထားခြင်းဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ခရီးသွားနေ့တွက်စရိတ်နှင့် ပတ်သက်လို့ မြန်မာနိုင်ငံခရီးစရိတ် နည်းဥပဒေပါ

နှုန်းထားများအတိုင်း ရာထူးအဆင့်၊ လစာအဆင့်များအလိုက် ၁၉၇၉ ခုနှစ်အထိ ခံစားခွင့်ပြုခဲ့ပြီး ယခင်နိုင်ငံတော်ကောင်စီရဲ့ ၁၂-၆-၁၉၇၉ ခုနှစ်ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ (၄၀/၇၉)နဲ့ လစာအဆင့်၊ ရာထူးအဆင့်များ ခွဲခြားခြင်းမပြုဘဲ နေ့တွက်စရိတ်နှုန်းကို တစ်ပြေးညီ ကျပ် ၁၀ သို့လည်းကောင်း၊ ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးရုံးရဲ့ ၂၀-၄-၁၉၈၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၄၂)နဲ့ ကျပ် ၁၅ သို့လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ ၃၀-၉-၂၀၁၀ ပြည့်နှစ် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂၁၆/၂၀၁၀)နဲ့ ကျပ် ၁၁၀၀ သို့လည်းကောင်း တိုးမြှင့်ခွင့်ပြုခဲ့ပါတယ်။ ယခုအစိုးရလက်ထက်မှာ ၂၀၁၃ ခုနှစ် ဧပြီလမှာ နိုင်ငံ့ဝန်ထမ်းများအတွက် လစာနှုန်းတိုးမြှင့်ပေးတဲ့အခါမှာလည်း ခရီးသွားနေ့တွက်စရိတ်ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၁-၄-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄၈/၂၀၁၃) နဲ့ ကျပ် ၁၇၀၀ ကို တိုးမြှင့်ခွင့်ပြုခဲ့ပါတယ်။ ခရီးစရိတ်တိုးမြှင့်ရေးစဉ်းစားတဲ့နေရာမှာ ဌာနများမှ ခရီးသွားအင်အား ဖောင်းပွမှုမဖြစ်စေရေးအတွက် ဌာနအကြီးအကဲများအနေနဲ့ ဝန်ထမ်းများ တာဝန်ဖြင့် ခရီးသွားခြင်းဟာ အမှန်တကယ်လိုအပ်ပြီး ခရီးသွားခြင်းဖြစ်ကြောင်း ဖြစ်သည်ကို စိစစ်ရန်လိုအပ်ခြင်း၊ နှုန်းထားများကို ဌာနအားလုံးတစ်ပြေးညီ ဆီလျော်တဲ့နှုန်း သတ်မှတ်ရာမှာ အခြားသောခံစားခွင့်ရှိတဲ့ စရိတ်များဖြစ်တဲ့ သင်တန်းသားစားသောက်စရိတ်၊ တရားရုံးသက်သေစရိတ်၊ တပ်မတော်ရိက္ခာစို ကြိုတင်ငွေနှုန်းထား စတဲ့ အသုံးစရိတ်တို့နှင့် ချိန်ညှိဖို့လိုအပ်ခြင်း၊ နှုန်းထားများပြင်ဆင်သတ်မှတ်မှုကြောင့် သာမန်အသုံးစရိတ်တွေ တိုးမြှင့်လာမည်ဖြစ်ခြင်းကြောင့် သာမန်အသုံးစရိတ်နှင့် ငွေလုံးအသုံးစရိတ်အချိုး ပြောင်းလဲလာမှုတွေကို တွက်ချက်ဖို့လိုအပ်ခြင်း၊ ရငွေတွေတိုးတက်ရှာဖွေဖို့ လိုအပ်ခြင်းတွေကိုလည်း တွက်ဆဖို့ လိုအပ်ပါတယ်။ ယခုအခါမှာ မိမိတို့ရဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဌာနအဖွဲ့အစည်းအသီးသီးမှာ ဝန်ထမ်းတွေ တာဝန်နဲ့ ခရီးသွားရာမှာ ခွင့်ပြုတဲ့ ခရီးစရိတ်၊ ခရီးသွား နေ့တွက်စရိတ်နဲ့ အချိန်ပိုဆောင်ရွက်မှုများအတွက် ကျွေးမွေးစရိတ်စတဲ့ အသုံးစရိတ်တွေကို ခေတ်ကာလနှင့် ညီညွတ်စေဖို့ ပြန်လည်စိစစ်သုံးသပ်နိုင်ရေးအတွက်ကို ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၁-၁၀-၂၀၁၄ ရက်စွဲပါစာအမှတ် ဘခ ၃/ ၂၀၀၀-၅၁၀၅/၂၀၁၄ နဲ့ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအထိ သုံးစွဲခဲ့တဲ့ ဖော်ပြပါ၊ တင်ပြပါ အသုံးစရိတ်တွေကို တောင်းခံခဲ့ပါတယ်။ ဌာနအဖွဲ့အစည်းများမှ တောင်းခံရရှိတဲ့အချက်အလက်တွေကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်ပြီးတော့မှ လက်ရှိခရီးသွားနေ့တွက်စရိတ် နှုန်းထားတွေကို ခေတ်နဲ့ဆီလျော်တဲ့နှုန်းထား သတ်မှတ်

နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေဆိုခြင်း အစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၆-၁၁-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနှင့်ပေးပို့လာသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၅-၁၁-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော် အစည်း

အဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေသည် ၁၉၅၄ ခုနှစ်က ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်ဖြစ်ပြီး ၊ ရည်ရွယ်ချက်မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များကို အခြားအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အရာရှိများကိုလည်းကောင်း၊ ခံစားစေနိုင်အောင် ပြုသင့်သည်ဟုလည်းကောင်း စသည့်အကြောင်းများဖြင့် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ဖြစ်ပြီး လက်ရှိခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသည့် စကားလုံးများကို အစားထိုးအသုံးပြုနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၁-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဤဥပဒေကြမ်းတွင် ပြင်ဆင်ရန် တင်ပြထားသည့် အပိုဒ် (၄) ပိုဒ် ရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များဖြစ်သော အပိုဒ် ၂၊ အပိုဒ် ၃ နှင့် အပိုဒ် ၄ တို့ကို ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ဥပဒေရေးထုံးနှင့် ညီညွတ်စေရန် ပြင်ဆင်ထားသည့်အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း သဘောတူလက်ခံခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းအစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

**မူကြမ်း**

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၂-၁-၂၀၁၅ ရက်(ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျွမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျွမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၆-၁၁-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်၊ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ ကိုယ်စား ကော်မတီရဲ့တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပေးပို့လာသော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၅-၁၁-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါသည်။

၂။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်ခန့်ကတည်းက ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ဖြစ်ပြီး ရည်ရွယ်ချက်မှာ သက်ဆိုင်ရာသံအရာရှိများနှင့် ကောင်စစ်အရာရှိများအနေဖြင့် ကျမ်းသစ္စာများနှင့် အခကြေးငွေများ ကောက်ခံရန်အတွက် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ဖြစ်ခြင်း၊ ယင်းဥပဒေပါ စကားရပ်များကို ယခုခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန် လိုအပ်သောကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၁-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဤဥပဒေကြမ်းတွင် ပြင်ဆင်ရန် တင်ပြထားသည့် အပိုဒ် (၄) ပိုဒ်ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များဖြစ်သော အပိုဒ် ၂၊ အပိုဒ် ၃ နှင့် အပိုဒ် ၄ တို့ကို ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ဥပဒေရေးထုံးနှင့် ညီညွတ်စေရန် ပြင်ဆင်ထားသည့်အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို သဘောတူ လက်ခံပါသည်။

**မူကြမ်း**

၄။ သို့ဖြစ်ပါ၍ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၂-၁-၂၀၁၅ ရက်(ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော စုပေါင်းပိုင်အဆောက်အအုံ ဆိုင်ရာဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းကို ၂၅-၁၁-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်မှုကြမ်း

ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၂-၁-၂၀၁၅ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁း၁၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**